# ၁၉၆၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်သည့် ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင် အဆိုပါ ဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေ ပုဒ်မ ၈ တွင် ပုဒ်မခွဲ (၂) အစား အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်စေရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။

(ခ) အစိုးရခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။

(ဂ) အမျိုးသားစီမံကိန်းဌာနမှ ကိုယ်စားလှယ်တဦး .... .... အဖွဲ့ဝင်။

(ဃ) စက်မှု လက်မှုဌာနမှ ကိုယ်စားလှယ်တဦး အဖွဲ့ဝင်။

(င) လယ်ယာ မိုက်ပျိုးရေးနှင့် သစ်တောရေး ဌာနမှကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။

(စ) ပညာရေးဌာနမှကိုယ်စားလှယ်တဦး .... အဖွဲ့ဝင်။

(ဆ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှကိုယ်စားလှယ်တဦး .... .... အဖွဲ့ဝင်။

(ဇ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များအုပ်ချုပ်ရေးရုံး .... .... အဖွဲ့ဝင်။

(ဈ) ပါမောက္ခချုပ်များ .... အဖွဲ့ဝင်။

(ည) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။

(ဋ) အစိုးရခန့်ထားသောပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။

(ဌ) အစိုးရခန့်ထားသောအတွင်းရေးမှူးတဦးနှင့် တွဲဘက်အတွင်းရေးမှူးတဦး။"

၃။ ။အဆိုပါ ဥပဒေပုဒ်မ ၉ တွင် ပုဒ်မခွဲ (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

"(၂) တက္ကသိုလ်ပညာရေးအဖွဲ့များကောင်စီတွင် အောက်ပါ ပုဂ္ဂိုလ်များ ပါဝင်ရမည်။

(က) ပညာရေးဌာနတာဝန်ခံ .... ဥက္ကဋ္ဌ။
(ခ) အစိုးရခန့်ထားသောပုဂ္ဂိုလ်တဦး .... ဒုတိယဥက္ကဋ္ဌ။
(ဂ) ညွှန်ကြားရေးမှူး၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး .... .... အဖွဲ့ဝင်။
(ဃ) ပါမောက္ခချုပ်များ .... .... အဖွဲ့ဝင်။
(င) ပညာညွှန်ကြားရေးဝန် .... အဖွဲ့ဝင်။
(စ) ညွှန်ကြားရေးဝန်ချုပ် (ဓါတ်သတ္တု ရှာဖွေ ထုတ်လုပ်ရေး ကော်ပိုရေးရှင်း) .... အဖွဲ့ဝင်။
(ဆ) အင်ဂျင်နီယာချုပ် (ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေး အဖွဲ့) .... .... အဖွဲ့ဝင်။
(ဇ) ညွှန်ကြားရေးဝန် (ကျန်းမာရေး ဌာနခွဲ) အဖွဲ့ဝင်။
(ဈ) ညွှန်ကြားရေးဝန် (စက်မှုလက်မှုဌာနခွဲ) အဖွဲ့ဝင်။
(ည) ညွှန်ကြားရေးဝန် (စိုက်ပျိုးရေး ဌာနခွဲ) အဖွဲ့ဝင်။
(ဋ) ညွှန် ကြား ရေး ဝန် (တိရစ္ဆာန် ဆေးကု ဌာနခွဲ) .... .... အဖွဲ့ဝင်။
(ဌ) ညွှန်ကြားရေးဝန် (ဗဟိုစီးပွါးရေးနှင့်စာရင်းအင်းဌာနခွဲ) .... အဖွဲ့ဝင်။
(ဍ) အင်ဂျင်နီယာချုပ် (လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့) .... .... အဖွဲ့ဝင်။
(ဎ) နည်းပြချုပ် (ဗဟိုနိုင်ငံရေးသိပ္ပံကျောင်း) အဖွဲ့ဝင်။
(ဏ) တက္ကသိုလ် ပညာရေးအဖွဲ့ အသီးသီးက ရွေးချယ်သော ဆရာတဦးစီ .... အဖွဲ့ဝင်။
(တ) အစိုးရခန့်ထားသောပုဂ္ဂိုလ်များ .... အဖွဲ့ဝင်။
(ထ) အစိုးရခန့်ထားသော အတွင်းရေးမှူးတဦး။"

၄။ ။အဆိုပါဥပဒေပုဒ်မ ၁၅ နောက်တွင် အောက်ပါကို ပုဒ်မ ၁၆ အဖြစ် ထည့်သွင်းရမည်။

"၁၆။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်များ ဗဟိုကောင်စီ တက္ကသိုလ် ပညာရေး အဖွဲ့များကောင်စီ၊ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေးအဖွဲ့ အသီးသီးတွင် ရာထူးအလျောက်အဖွဲ့ဝင်များမှတပါး အခြားအဖွဲ့ဝင်များ၏ သက်တမ်းမှာသုံးနှစ်ဖြစ်ရမည်။"